
ကာတေ
မဖဲဝါရဲ့အိမ်
ညမပတ်ရ။



# မှောင်ထဲကရယ်သံ

ကျုပ်တို့ အညာနွားဆိုတာ အားကြီးကိုသနားဖို့ ကောင်းတာဗျ။ ယာထဲလည်း လုပ်ရတယ်။ ရေစည်လည်း တိုက်ရတယ်။ ဆီဆုံလည်း ကြိတ်ရတယ်။ ကုန်ပစ္စည်းလည်း သယ်ရ ဟိုနားဒီနားသွားတော့လည်း လှည်းဆွဲရနဲ့ သင်းတို့ ခမျာ နားရတယ်လို့ မရှိရှာတာဗျ။

လူက ဂရုစိုက်ပါမှ ။ အစာမှန်မှန်ကျွေး။ ရေမှန်မှန်တိုက်။ ရေချိုးချိန်ချိုးပေး။ နေထိုင်မကောင်းတော့လည်း ဆေးလေးဝါးလေး ဂရုစိုက်တိုက်ပေးရတာပေါ့ဗျာ။

ကျုပ်ကတော့ အဘနွားကြီးတွေကို လွှတ်ဂရုစိုက်တာဗျ။ အစာရေစာ မှန်မှန်တိုက်ကျွေးနေတော့ နွားကြီးတွေက ဝဝဖြိုးဖြိုးဖြစ်နေတာပေါ့ဗျာ။

အခုလည်း နွားစာကျွေးပြီးလို့ နွားတင်းကုပ်ရှေ့က သရက်တုံးပေါ်ထိုင်ပြီး ဆေးလိပ်ကလေး ဖွာနေတာဗျ။ တာတေမြို့ကျောင်းနေတုန်းက ဆေးလိပ်ရဲ့ ဆိုးကျိုးတွေ သင်ခဲ့ရပါတယ်။ ဒါပေမဲ့ မောနေတဲ့ အချိန်မှာ ဆေးလိပ်လေးဖွာလိုက်ရရင် အမောကိုပြေသွားတာဗျို့။

"တာတေ အိမ်ရှေ့မှာ ဆန်စေ့လုံး ရောက်နေတယ်၊ ဆရာတော် လွှတ်လိုက်တာထင်တယ်၊ လာတွေ့လိုက်ဦး"

အမေက အိမ်ရှေ့ပြတင်းပေါက်က ခေါင်းပြူပြီး ကျုပ်ကို အော်ပြောတယ်။ အဘက ရွာတောင်ပိုင်းက အရီးမယ်ကျင်တို့ ဝိုင်းကို သွားလို့ ဗျ။

ဆန်စေ့လုံးဆိုတာ ပုဗ္ဗာရုံကျောင်းက ကျောင်းသားကလေးဗျ။ လူ

လေးက သေးသေးညှက်ညှက်ကလေးမို့ သူ့ကို ဆန်စေ့လုံးလို့ ခေါ်ကြတာဗျ။ ဆန်စေ့လုံးဆိုတဲ့ ကောင်က လူကောင်ကသေးသေး၊ မျက်လုံးက ပြူးပြူး၊ ပါးစပ်ကပြဲပြဲဗျ။ ဒါပေမဲ့ လွတ်လျှင်တဲ့ ကောင်ပါဗျာ။ ဆရာတော်ဦးဂုဏရဲ့ လက်စွဲပေ့ါဗျာ။ ဆရာတော့်အလိုက်အထိုက်ကို လွတ်သိတာဗျ။ အားကြီး လူကင်းပါးတဲ့ ကောင်။

ကျုပ်က အိမ်လေးဘေးကပတ်ပြီး အိမ်ရှေ့ပေါက်ကနေ အိမ်ပေါ်တက်လိုက်တယ်။

"ကိုကြီးတာတေ ဘာတွေလုပ်နေတုံးဗျ"

ဟောတွေ့လား။ အဲဒီလိုကောင်ဗျ။ နှုတ်စလျှာစကလည်း သွက်ပ့ါဗျာ။ ဒီကောင်လေးကို ကျုပ်တို့ ရွာသားတွေက အားကြီးချစ်ကြတာ။

"ဆန်စေ့လုံး ဘာလာလုပ်တာတုံး"

ကျုပ်က ပြုံးပြပြီး မေးလိုက်တယ်။ ဆန်စေ့လုံးက မျက်လုံးပြူးပြူးကြီးတွေနဲ့ ကျုပ်ကို ကြည့်ပြီး...

"ဆရာတော်က ကိုကြီးတာတေကို ခေါ်ခိုင်းလို့ ဗျ"

"ဟေ ဟုတ်လားကွ ဆန်စေ့လုံးရ၊ ဘယ်တော့ လာခဲ့ရမှာ တဲ့ တုံး"

"အခုလာခဲ့ပါတဲ့ ဗျ"

"ဟေ အခုဟုတ်လား၊ မင်း ဆရာတော် ဘာတွေများ အရေးပေါ်နေလို့ တုံးကွ"

"ဧည့်သည် တွေ ရောက်နေလို့ ဗျ၊ ဆရာတော်ရဲ့ ညီနဲ့ တူလို့ ပြောတယ်၊ ဘယ်က လာတာလဲတော့ ကျုပ် မသိဘူး"

"ဆရာတော့်ညီဆိုတော့ ဟိုတစ်ခါလာတဲ့ အရပ်ပုပုနဲ့ ဩျောင်ထုံးနဲ့ လူလား"

"ဟာ အဲဒါက ဘိုးလူနီပါ၊ အခုလာတဲ့ ဘိုးတော်က တစ်ခါမှ မလာဖူးဘူးဗျ၊ ဩျောင်ထုံးနဲ့ မဟုတ်ဘူး "

"သြော်...အေး အေး၊ ဒါဆိုရင် ဝမ်းကွဲညီ ဖြစ်လိမ့်မယ်၊ ကဲ မင်းပြန်နှင့် ငါနောက်ကလိုက်ခဲ့မယ်"

"ဟာ မဖြစ်ဘူးဗျ၊ ဆရာတော်က ကိုကြီးတာတေကို တစ်ပါတည်းခေါ်ခဲ့လို့ မှာ လိုက်တာ"

"ဟေ ဒါ ဆိုရင်တော့ ခဏစောင့်ကွာ၊ ပုဆိုးလေး အင်္ကျီလေးလဲလိုက်ဦးမယ်"

ကျုပ်က ကျုပ်အခန်းထဲဝင်ပြီး ပုဆိုးနဲ့ အင်္ကျီ လဲလိုက်တယ်"

"ကဲ ဆန်စေ့လုံး သွားကြမယ်၊ အမေရေ ကျုပ်ကို ဆရာတော်ခေါ်လို့ ကျောင်းကိုလိုက်သွားလိုက်ဦးမယ်"

"အေး လိုက်သွား လိုက်သွား၊ ကိစ္စရှိလို့ နေမှာ ပေ့ါ"

ပုဗ္ဗာရုံကျောင်းကိုရောက်တော့ ပန်းခြံတွေကြားက အုတ်လမ်းလေး အတိုင်းဝင်လာခဲ့တယ်။ ဆရာတော်သီတင်းသုံးနေတဲ့ နှစ်ထပ်တိုက်ကျောင်းကြီးထဲကို ဝင်လိုက်တယ်။ ဆရာတော်က ကျောင်းကြီးရဲ့ အပေါ်ထပ်မှာ ဗျ။

ပွတ်လုံးတိုင်ကြီးတွေနဲ့ ပြောင်ပြောင်လက်လက် လက်ရန်းကြီးတွေ တပ်ထားတဲ့ လှေကားကြီးအတိုင်း ကျောင်းကြီးအပေါ်ထပ်ကို ကျုပ်တက်လာခဲ့တယ်။ ဘုရားခန်းမှာ ထိုင်နေတဲ့ ဆရာတော်ကို ကျုပ် လှမ်းမြင်တယ်။ ဆရာတော့်ရှေ့မှာ လူနှစ်ယောက်ဗျ။

ကျုံ့ကျုံ့လေးတွေထိုင်နေကြတယ်။

တစ်ယောက်က အသက်ခြောက်ဆယ်လောက်ရှိပြီ။ တစ်ယောက်က အသက်လေးဆယ်လောက်ရှိမယ်။ ဆရာတော်ရော ဧည့်သည် နှစ်ယောက်စလုံးကရော ကျုပ်ကို လှည့်ကြည့်ကြတယ်။

ကျုပ်နဲ့ ဆန်စေ့လုံးက ဆရာတော်ကို ဝတ်ဖြည့်လိုက်ကြတယ်။

"အေး အဲဒါ ကျုပ်ပြောတဲ့ မောင်တာတေပဲ၊ ကဲ ဆန်စေ့လုံး မင်းသွားလို့ ရပြီ"

"တင်ပ့ါဘုရား"

ဆန်စေ့လုံးက ဆရာတော်ကို ကန်တော့ပြီး နောက်ဆုတ် နောက်ဆုတ်သွားတယ်။

"ဆန်စေ့လုံး သိပ်မဆော့နဲ့ နော်"

"တင်ပ့ါဘုရား၊ မဆော့ပါဘူးဘုရား"

"တာတေရေ၊ နင့်အကောင်ဆန်စေ့လုံးက အားကြီးဆော့တာကွ၊ မနေ့ကလည်း သရက်ပင်ပေါ်က ပြုတ်ကျတာ ကံကောင်းလို့ မကျိုးတာပေ့ါ၊ ငါ့မှာ ဒဏ်ကြေလိမ်းဆေးတွေ လိမ်းလိုက်ရတာကွာ"

ကျုပ်ရော ဧည့်သည် တွေရော လှေကားထိပ်ကိုရောက်နေတဲ့ ဆန်စေ့လုံးကို ပြုံးပြီးကြည့်နေကြတယ်။

"တာတေရေ ဟောဒီဘက်က ဦးညွန့်တဲ့ ကွ၊ ကျုပ်ညီ တစ်ဝမ်းကွဲတော်တယ်၊ ဟိုဘက်က သူ့သား မောင်ညိုမောင်တဲ့ ၊ ကျုပ်တူပေ့ါကွယ်"

"မှန်ပ့ါဘုရား"

"သူတို့ က ကျောက်ဆည်နယ်ကကွ၊ သရက်ခြံလုပ်တယ်၊ သရက်ခြံမှ

အကျယ်ကြီးဗျ၊ အဲဒါ အခု ဒုက္ခကြုံနေလို့ ဟော့၊ ကျုပ်ဆီကို အားကိုးတကြီး လိုက်လာကြတာ၊အေး ဖြည်းဖြည်းပြောကြတာပေါ့ကွယ်၊ မောင်တာတေလည်း လာ ရှေ့ကိုတိုး၊ ရေနွေးကြမ်းလေးသောက်ရင်း ပြောကြတာပေါ့"

"မှန်ပါ့ဘုရား"

ကျုပ်က ရှေ့ကိုတိုးထိုင်တယ်။ ဦးညွန့်က ကျုပ်ကို ရေနွေးကြမ်းတစ်ပန်းကန်ငှဲ့ပေးတယ်။ ကျုပ်လည်း ရေနွေးကြမ်းကို မှုတ်ပြီး တစ်ကြိုက်သောက်လိုက်တယ်။

"ဒီလိုကွ၊ တာတေရဲ့ ၊ ဟောဒီက ကျုပ်ညီ ညွန့်က အဲဒီသရက်ခြံကြီးကို ဝယ်လိုက်တာ နှစ်နှစ်ပဲရှိသေးတယ်ကွ၊ သရက်တွေကတော့ လွတ်သီးတာပေါ့ကွာ၊ စီးပွားလည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ခြံထဲမှာ ပြဿနာ ရှိနေတယ်ကွ၊ ကဲ ညွန့် မင်းပဲ မောင်တာတေကို ပြောပြလိုက်ပေတော့ကွာ"

ဦးညွန့်က မျက်နှာကြည့်ရုံနဲ့ တော်တော် ရိုးသားတဲ့ လူမှန်း သိသာပါတယ်ဗျာ။

ဒီလို မောင်တာတေရေ ဦးရဲ့ ခြံထဲမှာ ဒီခြံကိုဝယ်စဉ်ကတည်းက အိမ်နှစ်လုံး ပါလာတယ်။တစ်လုံးက အခု ဦးတို့ မိသားစုနေတဲ့ နှစ်ထပ်အိမ်ကွ၊ ပြီးတော့ ဦးတို့ နေတဲ့ အိမ်နဲ့ ကိုက်ငါးဆယ်လောက်အကွာက လျှိုလေးထဲမှာ သစ်သားတစ်ထပ်အိမ်ကလေးတစ်လုံးရှိတယ်။ ဦးတို့ ဒီသရက်ခြံကြီးကို ရလိုက်တာကလည်း တော်တော်ကို ဈေးပေါပေါနဲ့ ရခဲ့တာကွ။ ပိုင်ရှင်တွေက ဘာဖြစ်တယ် မသိပါဘူးကွာ၊ ခြံကို လက်သိပ်ထိုးရောင်းပြီး ရန်ကုန်ကို ပြောင်းသွားကြတာ"

"ဩော်"

"ဒါပေမဲ့ မောင်တာတေရေ၊ ကျုပ်တို့ မိသားစု ခြံထဲကိုပြောင်းနေပြီး တစ်လလောက် ကြာတော့မှ ဒီခြံကို ပိုင်ရှင်တွေဘာဖြစ်လို့ ဈေးပေါပေါ နဲ့ ရောင်းခဲ့တယ်ဆိုတာ သဘောပေါက်တော့တာပေါ့ကွာ"

"ဟင် ဘာဖြစ်လို့ တုန်းဗျာ အဘညွန့်ရဲ့ "

"သူတို့ ခြံက သရဲခြောက်တာကိုး မောင်တာတွေရဲ့ "

"ဗျာ သရဲခြောက်တယ် ဟုတ်လား အဘညွန့်"

ဦးညွန့်က ကျုပ်အမေးကို ပါးစပ်နဲ့ မဖြေဘဲ ခေါင်းပဲတဆတ်ဆတ်ညိ တ်ပြတာဗျို့။ သူ့သားကိုညိုမောင်ကတော့ ဆေးလိပ်ကလေးကိုဖွာရင်း သူ့အဖေ ကျုပ်ကိုပြောပြနေတာကို နားထောင်နေတယ်ဗျ။

"ဘယ်လိုခြောက်တာတုံး အဘညွန့်ရဲ့ "

"ဒီလို မောင်တာတေရေ၊ စောစောက ကျုပ်ပြောတဲ့ အထဲမှာ လျှိုထဲ က တစ်ထပ်အိမ်အကြောင်း ပါရဲ့ မဟုတ်လား"

"ဟုတ်ကဲ့ ပါတယ်ဗျ"

"အေး အဲဒီတစ်ထပ်အိမ်ကလေးက ခြောက်တာဟေ့"

"ဟင် ဘယ်လိုများ ခြောက်လို့ တုံးဗျ၊ တော်တော်ဆိုးဆိုးဝါးဝါး ခြောက်တာလား"

"အေး ဆိုးဝါးတယ်လို့ ပဲ ပြောရတော့မှာ ပေါ့ကွာ၊ ခြောက်ပုံက ဒီလို ကွ၊ မောင်တာတေရဲ့ ၊ နေ့တိုင်း ခြောက်တာ မဟုတ်ဘူး ၊ လပြည့် လကွ ယ်ညတွေမှာ မှ ခြောက်တာကွ"

"ဟာ ဟုတ်လား၊ ဘယ်လိုခြောက်လို့ တုံး"

"ရယ်တာဟေ့၊ ရယ်တာ၊ အော်ပြီးတော့ကိုရယ်တာ"

"ဗျာ ရယ်တာ၊ ဟုတ်လား၊ တယ်လည်း ထူးခြားပါလား၊ ဒီလိုအော်ရယ်တဲ့ သရဲ တစ်ခါမှ မကြားဖူးပါဘူး"

"ဟုတ်ပ့ါ မောင်တာတေရာ၊ ရယ်သမှ တဟားဟားနဲ့ ကိုရယ်တာကွ "

"ဟင် တစ်ညဆိုရင် ဘယ်နှခါလောက်ရယ်တုံး"

"ဟာ ညဆယ်နာရီလောက် ရယ်တာ၊ မနက်မိုးလင်းခါနီးအထိပဲကွ၊ ဘယ်နှခါရယ်လည်း တော့ ကျုပ်တို့ လည်း မသိပါဘူးကွာ"

"ဗျာ ဒါဆိုရင် တစ်ညလုံး ရယ်နေတာပေ့ါ"

"ဟုတ်တယ် မောင်တာတေ၊ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး ရယ်နေတာ၊ ပြီးတော့ အဲဒီရယ်သံနဲ့ အတူ သံကြိုးသံတွေလည်း ကြားရတယ်။ တချွင်ချွင်နဲ့ နေတာပါပဲကွာ"

"ဟင် သံကြိုးသံ ဟုတ်လား အဘညွန့်"

"ဟုတ်တယ် မောင်တာတေ၊ သံကြိုးသံ ကြားရတာက ချွင်ခနဲ၊ ချွင်ခနဲ မြည်နေတာကို အတိုင်းသား ကြားနေရတာ"

"နေဦး အဘညွန့်ရဲ့ ၊ အဲဒီရယ်သံကြီးကို လူတိုင်း ကြားရတာပေ့ါ ဟုတ်လား"

ကျုပ်စကားကိုကြားတော့ ဦးညွန့်က ပျာပျာသလဲဖြစ်သွားတယ်ဗျ။ ပြီးတော့မှ ကျုပ်ကို သေသေချာချာကြည့်ပြီး-

"အဲဒါ ဒုက္ခဖြစ်နေတာပေ့ါ မောင်တာတေရဲ့ လူတိုင်းကြားရတာ မဟုတ်ဘူး ၊ ကျုပ်တို့ တစ်အိမ်လုံး ကျုပ်တစ်ယောက်တည်း ကြားရတာ၊ ကျန်တဲ့ လူတွေ တစ်ယောက်မှ မကြားရဘူး၊ ဒီတော့ သူတို့ က

ကျုပ်ပြောတာကို မယုံကြဘူးပေ့ါ။ ကျုပ်ပဲ စိတ္တဇဖြစ်သလား ဘာလား တွေးကြာတာပေ့ါကွာ"

"ဟင် ဟုတ်လား၊ ကိုညိုမောင်ရော မကြားဘူးလား"

ကျုပ်က ဆေးလိပ်ဖွာရင်း ငြိမ်ပြီးနားထောင်နေတဲ့ ကိုညိုမောင်ကို မေးလိုက်တယ်။

"မကြားဘူးကွ တာတေရ၊ အဘတစ်ယောက်ပဲ ကြားရတာ"

"ဟာ တစ်မျိုးပါလားဗျ"

"အေး ဒါပေမဲ့ အခုတော့ သူတို့ ယုံသွားကြပါတယ်၊ ဦးတို့ ခြံမှာ က သရက်တွေခူးပြီး အမှ ည့်အုပ်ရတဲ့ အချိန်ဆိုရင် ညဘက်ပါ မီးထွန်းပြီး လုပ်ကြရတာကိုး၊ ဒီမှာ တင် သရက်ခြံအလုပ်သမားထဲကတစ်ယောက် က အဲဒီရယ်သံကြီးကို ကြားရတယ်၊ ဒီကောင့်နာမည်က မောင်ချစ်လို့ ခေါ်တယ်။ ချက်ချင်းကို စက်ဘီးကလေးနင်းပြီး ရွာထဲကို ပြန်ပြေးတော့ တာပဲဟေ့၊ ဘယ်သူမှ ဆွဲထားလို့ ကို မရတော့ဘူး။ ဒီတော့မှ ကျုပ်အိမ် သားတွေက ကျုပ်ပြောတာကို ယုံသွားကြတာ"

"နို့ အဘညွှန့်တို့ အဲဒီအိမ်ကို သွားကြည့်သေးလား"

"ဟာ ကြည့်ပါပြီကော မောင်တာတေရယ်၊ အိမ်ထဲမှာ ဘာမှ ကို မရှိ တာကွ၊ တစ်အိမ်လုံး ရှင်းလင်းနေတာပါ"

ကျုပ်လည်း မျက်ခုံးတွန့်ပြီး စဉ်းစားမိတော့တာပေ့ါဗျာ။

"နေဦး အဘညွှန့်၊ ဒီအိမ်မှာ အစက ဘယ်သူနေသွားတာတုန်းဗျ"

"အေး ဟုတ်ပြီ မောင်တာတေ၊ ဒီလိုကွ၊ အဲဒီသရက်ခြံပိုင်ရှင်ရဲ့ အဖေ ကြီးက အသက်ခုနစ်ဆယ်ကျော်လောက် ရှိပြီတဲ့ ၊ မန္တလေးမှာ နေတာ

ဆိုပဲ။ ဘာအကြောင်းတွေ ရှိလို့ တုန်းဆိုတာတော့ ကျုပ် မသိဘူးပေါ့ကွယ်၊ သွက်သွက်ခါအောင်ကို ရူးသွားတာတဲ့ ကွ"

"ဟင် ရူးသွားတာ ဟုတ်လား အဘညွန့်"

"ဟုတ်တယ်ဟေ့၊ ရူးသွားတာ၊ နာမည်က ဦးမှုံတဲ့ ၊ ဒီအရူးအဖေကြီးကို ဘယ်သားသမီးကမှ ခေါ်ထားလို့ အဆင်မပြေဘူးပေါ့ကွာ၊ ဒီမှာ တင်သူ့သားက သရက်ခြံထဲမှာ အိမ်ကလေးတစ်လုံးဆောက်ပြီး ဖအေကြီးကို သူ့ခြံကြီးထဲ ခေါ်ထားရတာ။ သူ့အိမ်နဲ့ သိပ်မဝေးတဲ့ နေရာမှာ ထားပြီး စောင့်ရှောက်ရတာပေါ့ကွာ။ ဘယ်လောက်တောင် ရူးနေလည်း ဆိုရင် သံကြိုးကြီး အမြဲခတ်ထားရတာတဲ့ ကွ။ သူ့သားကိုယ်တိုင် အစားအသောက်တွေကျွေး၊ ရေမိုးချိုး ဆေးတိုက်ပေါ့ကွာ။ တစ်ခါတလေ သူသောက်တဲ့ ဆေးပြတ်သွားရင် အခုလိုပဲ တစ်ညလုံး ရယ်နေတာတဲ့ ကွ၊ သံကြိုးကြီးဆွဲပြီး အိမ်ထဲမှာ ဟိုလျှောက် ဒီလျှောက် လုပ်နေတာဆိုပဲ၊ သံကြိုးသံတွေ တချွင်ချွင်နဲ့ ပေါ့ကွာ"

"နောက်တော့ အရူး ဦးမှုံကြီး ဘာဖြစ်တုံးဗျ"

ကျုပ်က ဦးညွန့် ပြောပြတဲ့ အရူးကြီး ဦးမှုံအကြောင်းကို စိတ်ဝင်တစားမေးတယ်။

"အသက်ရှစ်ဆယ်နီးနီးလောက်မှာ သူ့ကိုချည်ထားတဲ့ သံကြိုးနဲ့ ပဲကြိုးဆွဲချ သတ်သေသွားတာတဲ့ ။ အဲဒီတော့ မကျွတ်မလွတ်တော့ဘူးပေါ့ကွာ၊ အခုလို ဖြစ်တော့တာပဲ။ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး ရယ်နေတဲ့ အသံကြီးကို ကျုပ်ကြားသလို သူ့သားလည်း ကြားသတဲ့ ကွ၊ ဒီတော့ သူ့အဖေအတွက် အလှူအတန်းတွေလုပ်၊ ပရိတ်တွေရွတ်တဲ့ ၊ ဒါလည်း ဒီရယ်သံကြီးက ရှိနေတုန်းပဲပေါ့ကွာ ။ နောက်ဆုံးတော့ သူ့သားလည်း လက်လျှော့ပြီး သရက်ခြံကြီးကို ရသ

လောက်နဲ့ ရောင်းပစ်ခဲ့တော့တာပေါ့ မောင်တာတေ"

"ဖြစ်မှ ဖြစ်ရလေဗျာ၊ အရှုးဦးမှုံကြီးက သရဲဖြစ်နေတာတောင် ရှုးနေတုန်းထင်တယ် အဘညွန့်ရ"

"အေး ဟုတ်လောက်တယ် မောင်တာတေ၊ ဒါကြောင့် သူ့သား အမျှဝေတာကို မသိတာ နေမှာ ပေါ့ကွာ"

"အကုသိုလ်များ တော်တော်ကို ကြောက်စရာကောင်းပါလားဗျာ"

ဆရာတော်က တစ်ခွန်းဝင်ပြောတယ်ဗျ။ စောစောက ဦးညွန့်ပြောတာတွေကု ဆရာတော်က ငြိမ်ပြီးနားထောင်နေတာ။

"ဘုန်းဘုန်း တပည့်တော်ဖြင့် အခုလို ရှုးနေတဲ့ သရဲမျိုးကို တစ်ခါမှ မကြားဖူးတာဘုရား"

"အေးကွ၊ တာတေရ၊ ဒီဒကာကြီး ဦမှုံဟာ အကုသိုလ်တော်တော်ကြီးပေတာကိုး၊ ဘဝပြောင်းပြီး အပါယ်လေးပါးရောက်နေတာတောင် စိတ္တဇရောဂါက ဆက်ခံစားနေရတယ်ဆိုတော့ တော်တော်ကို ဆိုးပေတာပါပဲကွယ်"

"နို့ အဘညွန့်တို့ ဆရာတွေ ဘာတွေပင့်ပြီး မနှင်ဘူးလားဗျ"

"ဟာ နှင်ပါပြီလား မောင်တာတေရယ်၊ ဆရာတစ်ယောက်ဆိုရင် တော်တော်ကို သတ္တိရှိတာကွဲ့၊ လပြည့်ညမှာ မီးအိမ်ထွန်းပြီး အဲဒီအိမ်ထဲမှာ တစ်ယောက်တည်းဝင်ပြီး ဂါထာမန္တန်တွေရွတ်တာ၊ တစ်ခါတည်း သူ့ဘေးနားတင်ကပ်ပြီး ရယ်လိုက်တာကွာ၊ ဆရာလည်း လန့်ပြီးစွတ်ပြေးတာ သရက်ခြံကြီးထဲမှာ မနည်းကို လိုက်ဖမ်းယူရတယ်။ လူလည်း ပြူးကြောင်ကြောင်ကြီးဖြစ်နေလို့ ကျုပ်မှာ ပရိတ်ရေတွေ၊ ဘာတွေနဲ့ မနည်းကို လုပ်ယူရတယ်။ နောက်နေ့မနက်အစောကြီး ပြန်

သွားတော့တာပဲဟော့။ တစ်ရက်နေပါဦးဆိုတာတောင် မနေတော့ဘူး။ အဲဒီလို သတင်းတွေက တဖြည်းဖြည်းပြန့်သွားတော့ ခြံထဲကို အလုပ်သမားတောင် သိပ်ငှားလို့ မရတော့ဘူး မောင်တာတေရ၊ ဒါကြောင့် ကျုပ်တို့ သားအဖ ဒီကိုရောက်လာတာ၊ ကျုပ်အစ်ကို ဆရာတော်နဲ့ လည်း တိုင်ပင်ဖို့ ပေါ့ကွာ၊ အခုနေဆိုရင် ခြံပြန်ရောင်းတာတောင်မှ ဝယ်တဲ့ လူ ရှိမှာ မဟုတ်ဘူး ။ ဟိုလူက ဒီသတင်းသိပ်မပြန့်ခင် သူ့ခြံကို ကျုပ်ဆီမှာ ထိုးရောင်းသွားတာ၊ အခုက သတင်းပြန့်နေပြီလေ"

"အဲဒါကြောင့် ဘုန်းဘုန်း မင်းကိုခေါ်တာ မောင်တာတေရဲ့ ၊ မင်း စဉ်းစားကြည့်ပါ၊ ဖြစ်နိုင်ရင်တော့ လိုက်လုပ်ပေးစေချင်တယ်၊ ဘုန်းဘုန်းရဲ့ ညီမှာ တော်တော်ကို အခက်ကြုံနေတာကွဲ့၊ မင်း သွားလုပ်မယ်ဆိုရင် ကျုပ် ကြွမှာ ပါ"

"ဟာ ဆရာတော်ပါ ကြွမှာ ဆိုတော့ တပည့်တော် အားရှိလိုက်တာ ဘုရား"

ဦးညွန့်တို့ သားအဖက တော်တော်ကို ဝမ်းသာသွားကြတာဗျို့။

"ဘုန်းဘုန်းလည်း ကြွမယ်ဆိုရင် တပည့်တော်က ငြင်းစရာဘယ်လို တော့မှာ တုံးဘုရား၊ အမေနဲ့ အဘကိုပြောပြီး လိုက်လာရုံပေါ့ဘုရား"

"ဟာ ဒါဆိုရင် ဟန်ကျပြီပေါ့ကွယ်၊ ကဲ တို့ ဆရာတပည့်လိုက်သွားကြတာပေါ့ကွယ်"

ဆရာတော်ကိုယ်တိုင် လိုက်မှာ ဆိုတော့ အဘတို့ အမေတို့ က ဘယ်တားတော့မှာ တုံးဗျာ။

ဦးညွန့်တို့ သရက်ခြံကို ကျုပ်ရောက်တော့ လမကွယ်ခင်တစ်ရက်ဗျ။ နတ်တော်လဆိုတော့ (၁၄)ရက်နဲ့ လကွယ်တာလေ၊ ကျုပ်တို့ ရောက် လ

ဆုတ်(၁၃) ရက်ပေါ့ဗျာ။

ကျုပ် အချိန်မဆိုင်းဘူးဗျ။ ရောက်တယ်ဆိုရင် ကျုပ်လုပ်စရာရှိတာတွေ စလုပ်ရတော့တာပေါ့ဗျာ။ ဦးညွန့်တို့ မိသားစုတွေကတော့ ဆရာတော် ပါလာတယ်ဆိုတော့ ဆွမ်းကွမ်းအတွက် စီမံကြတော့တာပေါ့ဗျာ။ ကျုပ်ကတော့ ကိုညိုမောင်ကိုခေါ်ပြီး ခြံထဲမှာ ပဲ အလုပ်လုပ်ရတော့တာပေါ့။

လှိုဏ်ထဲက တစ်ထပ်အိမ်ကလေးကို ကျုပ် သွားကြည့်တယ်။ တံခါးတွန်းဖွင့်ပြီး အိမ်ထဲကိုဝင်တယ်။ ကိုညိုမောင်လည်း ကျုပ်နဲ့ အတူလိုက်ဝင်ပါတယ်။

အိမ်ထဲမှာ တော့ ရှင်းလင်းလို့ ဗျ။ ဘာမှ လည်း မတွေ့ဘူး။ လှုပ်လှုပ်ရှားရှားလည်း ဘာမှ မရှိဘူးဗျ။

ဦးမှုံက စိတ္တဇဝေဒနာသည် ကြီးဆိုတော့ တစ်ခုခုကိုစွဲလမ်းသွားပြီး လပြည့်ညနဲ့ လကွယ်ညရောက်မှ ဒီနေရာမှာ ပေါ် လာပြီး တဟားဟားနဲ့ အော်ရယ်နေတာ ထင်ပါရဲ့ ။

ကျုပ်နဲ့ ကိုညိုမောင်နဲ့ သရက်ခြံထဲမှာ ထိုင်ပြီး စီစဉ်ကြတယ်။

"ကိုညိုမောင် ရွာထဲမှာ နတ်ဝင်သည် ရှိလားဗျ"

ကျုပ်က ရုတ်တရက် မေးလိုက်တော့ ကိုညိုမောင်လည်း အံ့သြသွားတယ် ထင်ပါရဲ့ ။

"ဟေ နတ်ဝင်သည် ဟုတ်လား၊ မောင်တာတေ၊ ဟား ရှိတယ်၊ ဒေါ်စိန်ပွင့်ဆိုတဲ့ မိန်းမကြီးတစ်ယောက် ရှိတယ်။ အမေဂျမ်းခေါင်းစွဲဆိုလားပဲကွ၊ နတ်ဟောတာ မှန်တယ်လို့ ပြောကြတာ၊ သူ့ကို ဟိုရွာ ဒီရွာတွေက လာ လာပြီးပင့်ကြတယ်"

"ဟာ ဒါဆိုဟန်ကျပြီဗျ၊ ကဲ ကိုညိုမောင် ရွာထဲသွားပြီး ကြက်တစ်ကောင်ဝယ်ဗျာ၊ ပြီးရင် အဲဒီနတ်ဝင်သည် ကြီးကို ခေါ်ခဲ့ဗျာ"

"အေး ဟုတ်ပြီ၊ ဒါဆို ငါသွားမယ်၊ ဒေါ်စိန်ပွင့်ကို ဘာပြောရမှာ တုံး"

"ဟာ မပြောနဲ့ ၊ မပြောနဲ့ ဒီရောက်မှ ကျုပ် ပြောမယ်"

ကိုညိုမောင် သိပ်မကြာဘူးဗျ၊ ပြန်ရောက်လာတယ်။ ကြက်တစ်ကောင်လည်း ဝယ်လာတယ်။ ပြီးတော့ ဒေါ်စိန်ပွင့်ဆိုတဲ့ မိန်းမကြီးလည်း ပါလာတယ်ဗျ။

"ကိုညိုမောင် ဆရာတော် မသိအောင် ခြံထဲမှာ ပဲ ဒီကြက်ကို ချက်ထားဗျာ၊ ထမင်းလည်း ဆန်တစ်ခွက်လောက်ချက်ထား၊ ပြီးရင် ထမင်းထုပ် ထုပ်ဖို့ ငှက်ပျောဖက်ကြီးကြီး ခုတ်ထားဗျာ"

ကိုညိုမောင်က ထမင်းချက်ဖို့ ထွက်သွားတယ်။ ကျုပ်က ဒေါ်စိန်ပွင့်ကိုခေါ်ပြီး အိမ်ပေါ်ကို တက်ခဲ့တယ်ဗျို့။

အိမ်ပေါ်ရောက်တော့မှ ဒေါ်စိန်ပွင့်ကို အကျိုးအကြောင်းအားလုံးပြောပြပြီး အကူအညီတောင်းရတာပေ့ါဗျာ။ နတ်ဝင်သည် ဒေါ်စိန်ပွင့်ကလည်း ဦးညိုမောင်မိန်းမနဲ့ က အတော်လေး ခင်ကြတာဆိုတော့ သူ ကူညီပေ့ါမယ်လို့ ပျာပျာသလဲပြောပါတယ်။

ညမိုးချုပ်မှ သူပြန်လာခဲ့မယ်လို့ ပြောပြီး ရွာထဲကို ပြန်သွားတယ်ဗျ။ ဆရာတော်ကတော့ ဘုရားခန်းမှာ ဘုရားရှိခိုး ပုတီးစိပ်ပဲလုပ်နေတယ်။

မိုးချုပ်စရောက်တော့ ကျုပ်ထမင်းထုပ် ထုပ်တယ်။ ကိုညိုမောင်လည်း ကြက်သားချက်ကောင်းသားဗျ။ ထမင်းထုပ်ကို တောင်းလေးတစ်လုံးထဲထည့်ပြီး ဒေါ်စိန်ပွင့်ကို ကျုပ်တို့ စောင့်နေတယ်။

ကိုညိုမောင်တို့ ရွာသင်္ချိုင်းက သိပ်မဝေးပါဘူး။ ဒေါ်စိန်ပွင့်လည်း

လာရှာပါတယ်။ ဒေါ်စိန်ပွင့် ရောက်တာနဲ့ ကိုညိုမောင်၊ ကျုပ်ရယ်၊ ဒေါ်စိန်ပွင့်ရယ် သရက်ခြံကြီးထဲကထွက်ပြီး ရွာသင်္ချိုင်းကိုလာခဲ့ကြတယ်။

ကျုပ်က ခပ်ကြီးကြီးအုတ်ဂူကို လိုက်ရှာတယ်။ လကွယ်တော့မှာ ဆိုတော့ သင်္ချိုင်းတစ်ခုလုံး အမှောင်ဖုံးနေတာပေါ့ဗျာ။ ကြယ်ရောင်ကလေး ဝိုးတဝါးပဲ ရှိတာပေါ့။ ကိုညိုမောင်က လက်နှိပ်ဓာတ်မီးထိုးပြတယ်ဗျ။

သရက်ပွဲစားကြီး ဦးရာမ

အသက် (၇၀)

ဆိုတဲ့ အုတ်ဂူကြီးက တော်တော်ကြီးတယ်ဗျ။ ကျုပ်က အဲဒီအုတ်ဂူကြီးပေါ်မှာ အသင့်ပါလာတဲ့ ဖယောင်းတိုင်ကို မီးထွန်းပြီး စိုက်လိုက်တယ်။ ပြီးတော့ ထမင်းတောင်းထဲက ထမင်းထုပ်ကို ဖြေပြီး ခင်းလိုက်တယ်။ ကြက်သားဟင်းနံ့က မွှေးသွားတာပေါ့ဗျာ။ ပြီးတော့ အသင့်ပါလာတဲ့ သံရေပုံးကလေးကိုလည်း ဂူပေါ်မှာ ချထားလိုက်တယ်။

ဒေါ်စိန်ပွင့်က ဆံပင်ကို ဖားလျားဖြေချလိုက်တယ်။ ဂူရှေ့က မြေကြီးပြောင်ပြောင်ကလေးပေါ်မှာ ကျုံ့ကျုံ့ကလေးထိုင်ပြီး လက်အုပ်ချီထားတယ်ဗျ။

ကျုပ် မဖဲဝါကို ပင့်ရတော့မှာ ပေါ့လေ။ သွက်သွက်လည်အောင် ရှူးနေတဲ့ သရဲဆိုတာ ကျုပ်လည်း ဒီတစ်ခါပဲ ကြားဖူးတာဗျ။

"မဖဲဝါ။ သင်္ချိုင်းရှင်မကြီး မဖဲဝါ"

ကျုပ်ရဲ့ အသံက သင်္ချိုင်းတစ်ခုလုံးကို လွှမ်းသွားမယ်ထင်တယ်။ ကိုညိုမောင်ကတော့ နည်းနည်းလန့်သွားပုံပဲဗျ။ နောက်ကို ခြေနှစ်လှမ်းလောက် ဆုတ်သွားတယ်။

"အရှေ့နေထွက်၊ အနောက်နေဝင်၊ တောင်တံငါကွန်၊ မြောက်မူဝံအ

တွင်း မည်သည့် နေရာတွင် ရောက်ရှိလို့ နေသည် ဖြစ်စေ ဒီနေရာကို အရောက်ကြွခဲ့ပါလို့ ကျုပ်တာတေက ပင့်ဖိတ်ပါတယ်၊ သင်္ချိုင်းရှင်မကြီး မဖဲဝါဗျား၊ ကြွပါ၊ ကြွပါ၊ ကြွပါဗျာ"

ကျုပ် ခဏနေတော့ နောက်တစ်ခါ ထပ်ပင့်တယ်။ ပြီးတော့ နောက်တစ်ခါ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ ဝူး"

ဟော ဒါမဖဲဝါရဲ့ ခွေးကြီးအသံဗျ။ ကျုပ် ကောင်းကောင်း မှတ်မိတာပေါ့ဗျာ။ လာနေပြီဗျို့ မဖဲဝါ လာနေပြီ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး၊ အီ၊ အီ၊ ဝူး"

ဟော ခွေးကြီးရဲ့ အသံက နီး လာပြီဗျို့။ ဟာ လေအေးလေးတစ်ချက်တိုက်သွားတယ်ဗျို့။ သင်္ချိုင်းထဲက ထနောင်းပင်တွေ လှုပ်သွားတယ်။ ကျုပ်တောင်မှ စိမ့်ခနဲ ဖြစ်သွားတာဗျို့။

ဟော ဟော ဒေါ်စိန်ပွင့်ကြီး လက်အုပ်ချီထားတဲ့ လက်တွေ တဆတ်ဆတ် တုန် လာပြီဗျို့။

"ဖြောင်း၊ ဖြောင်း၊ ဖြောင်း"

နဖူးနဲ့ လက်နဲ့ ရိုက်တဲ့ အသံဗျ။ ဟာ လက်ကြီးတွေ ကွေးကောက်နေပြီဗျို့။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဒေါ်စိန်ပွင့်ကို မဖဲဝါ ဝင်စီးလိုက်ပြီဗျ။

"သင်္ချိုင်းရှင်မကြီးကို စားပွဲသောက်ပွဲများ နှင့် ကြိုဆိုပါတယ်ဗျ။ အားရပါးရ သုံးဆောင်လိုက်ပါဗျာ"

ဟော ခုန်ပြီ၊ ခုန်ပြီ။ သရက်ပွဲစားကြီးဂူပေါ်ကို လွှားခနဲနေအောင် ခုန်တက်သွားပြီးဗျို့။ ဟာ ပေါင်ကြီးကားကားကြီးလုပ်ထိုင်ပြီး ဆံပင်ဖားလျားကြီးနဲ့ ထမင်းတွေ စားပြီဗျို့။

"ခွပ်၊ ခွပ်၊ ဂလွပ်၊ ဂလွပ်"

ဟော ကြက်ရိုးတွေ တဂွပ်ဂွပ်နဲ့ ကိုက်နေတာဗျို့။ တော်တော်ကလေးစားပြီးမှ ကျုပ်ကို မျက်လုံးပြူးပြူးကြီးနဲ့ စိုက်ကြည့်တယ်။

ကျုပ် သိတာပေါ့။ ကျုပ်ပြောရတော့မှာ ပေါ့။

"ဒီလိုပါ မဖဲဝါ။ ဒီရွာက သရက်ခြံကြီးတစ်ခြံထဲမှာ သရဲကြီးတစ်ကောင် ရှိနေပါတယ်၊ လပြည့် လကွယ်ညတွေမှာ တစ်ညလုံး အော်ရယ်နေတာဗျ။ ဒါပေမဲ့ သူ့ရယ်သံကြီးကို လူတိုင်းတော့ မကြားဘူးဗျ၊ ကြားရတဲ့ သူမှ ကြားတာ။ အခုတော့ ဒီခြံထဲမှာ လူတွေအလုပ်လာမလုပ်ရဲကြတော့ဘူး။ ခြံရှင်မိသားစုလည်း တော်တော်ကို စိတ်ညစ်နေပြီဗျ။ အဲဒါ ဘာလုပ်ရမယ်ဆိုတာ မဖဲဝါ ပြောပြပါဗျာ"

ကျုပ်ကပြောပြီး အသာအကဲခတ်နေရတာပေါ့ဗျာ။ ကျုပ်နောက်ကို အသာလှည့်ကြည့်လိုက်တော့ ကိုညိုမောင့်ရဲ့ မျက်နှာမှာ အတော့်ကို ကြောက်နေတဲ့ ပုံက အထင်းသားပေါ်နေတာဗျ။

ဖယောင်းတိုင်မီးရောင်မှာ အထင်းသား မြင်နေရတယ်။

"တာတေ အဲဒီသရဲက ရူးနေတာ၊ သူသေတာလည်း မသိဘူး၊ သူ့ကို သံကြိုးခတ်ထားတယ်ပဲ ထင်နေတာ၊ သူ့ကို အရူးပျောက်အောင် အရင် လုပ်ရမယ်။

နင် မှတ်ထား၊ ဆင်ခေါင်းတောင်မှာ သရဲခြေထောက်ပင်ရှိတယ်၊ အမြစ်ကိုယူခဲ့ပြီး မီးရှို့။ အဲဒီမီးခိုးမှ ိုင်းကို သရဲ ရှူမိရင်

အရှုးပျောက်သွားလိမ့်မယ်။ ဒီတော့မှ အိမ်ပြင်ကို ခေါ်ထုတ်၊ ငါ့နာမည်ပြောပြီး ခေါ်ခဲ့၊ မနက်ဖြန်ညမှာ ငါခေါ်သွားမယ်"

ပြောရင်း စားရင်းနဲ့ ထမင်းတစ်ခွက်ချက်ရော ကြက်တစ်ကောင်ချက်ရော ကုန်ပါရောလားဗျာ။ ပြီးတော့ သံပုံးကလေးထဲကရေကို မော့သောက်ပြီး လက်ဆေးလိုက်သေးတယ်။

ဟော ဟော ဒေါ်စိန်ပွင့်ကြီး ဂူပေါ်မှာ မှာ လဲကျသွားပြီဗျို့။ မဖဲဝါ ထွက်သွားပြီ။ ထွက်သွားပြီ။ ကျုပ်က ကပျာကယာပြေးပြီး ဒေါ်စိန်ပွင့်ကို လှုပ်နှိုးရတာပေါ့ဗျာ။

"ဒေါ်စိန်ပွင့်၊ ဒေါ်စိန်ပွင့် ထ၊ ထ"

ကိုညိုမောင်လည်း ပြေးလာပါတယ်။ ဒေါ်စိန်ပွင့်ကို ကျုပ်နဲ့ ကိုညိုမောင် တွဲပြီး ဂူပေါ်က ချပေးရတယ်ဗျ။ စောစောက ဂူပေါ်ကို လွှားခနဲ ခုန်တက်သွားတဲ့ နတ်ဝင်သည် ကြီးကို မနည်းကို ဂူပေါ်က ချပေးရတာဗျို့ ။

"ဝူး၊ ဝူး၊ ဝူး၊ အူး၊ အူး"

မဖဲဝါရဲ့ ခွေးနက်ကြီးအူတဲ့ အသံက တဖြည်းဖြည်း ဝေးသွားပြီ။ ကျုပ်တို့ လည်း သရက်ခြံကြီးထဲကို ပြန်လာခဲ့ကြတယ်။ အဲဒီညက ဒေါ်စိန်ပွင့်က ကိုညိုမောင်တို့ အိမ်မှာ ပဲ အိပ်တယ်ဗျ။

ကျုပ်စိတ်ထဲမှာ တွေးနေတာက မဖဲဝါပြောတဲ့ ဆင်ခေါင်းတောင်က သရဲခြေထောက်ပင်ရဲ့ အမြစ်ဆိုတာကိုပေါ့ဗျာ။ ကျုပ် အဲဒီအပင်ကို ကြားလည်း မကြားဖူးဘူးဗျ။ ဘယ်လိုရှာရမှန်းလည်း မသိဘူး။ အဲဒီအမြစ်ရမှ ပဲ ရူးနေတဲ့ သရဲကို ထုတ်လို့ ရမှာ လေဗျာ။

မနက်မိုးလင်းတော့ ဒီအကြောင်းကို ကိုညိုမောင်ကို ပြောတော့ ကို

ညိုမောင်က ကျုပ်ကို ပြောတယ်ဗျ။ ရွာထဲမှာ ကိုကျားဆိုတဲ့ မုဆိုးတစ်ယောက် ရှိတယ်တဲ့ ။ ဒီလူကို ရှာခိုင်းရင် ရနိုင်တယ်လို့ ပြောတယ်။

ဒါနဲ့ အချိန်မဆိုင်းဘဲ ကျုပ်နဲ့ ကိုညိုမောင် ရွာထဲကို သွားကြတယ်။ နတ်ဝင်သည် ဒေါ်စိန်ပွင့်ကိုလည်း တစ်ခါတည်း ခေါ်သွားရတာပေါ့ဗျာ။

ဒေါ်စိန်ပွင့်ကို ပို့ပြီးတော့ ကိုကျားကို သွားရှာရတာပေါ့ဗျာ။ တွေ့တယ်ဗျ။ ကိုကျားလို့ ခေါ်တဲ့ မုဆိုးကိုတွေ့တယ်။

ကိုညိုမောင်က ကိုကျားကို မေးတယ်။

"ကိုကျား သရဲခြေထောက်ဆိုတာ ကြားဖူးလားဗျ"

"ဟား၊ ဟား၊ ဟား၊ ဟား မင်းကွာ တော်တော်ရှာရှာဖွေဖွေမေးတာပဲကွ၊ မင်း ငါ့ကို မေးမိပေလို့ ပေါ့ကွာ၊ တခြားသူကိုသာမေးရင် မင်းကို ရူးနေတယ်လို့ တောင် ပြောမှာ "

"နို့ ကိုကျားကရော ကြားဖူးသလားဗျ"

ကျုပ်က ဝင်မေးလိုက်တယ်။

"ကျုပ်ဆရာ မုဆိုးကြီး ပြပေးခဲ့လို့ ကျုပ်ကတော့ သိတယ်၊ လူတောင် မကြားဖူးတဲ့ အပင်မျိုးကွ၊ အားကြီးရှားတယ်။ ဆင်ခေါင်းတောင်မှာ ပဲ ရှိတာ၊ တခြားဘယ်မှာ မှ မတွေ့ဘူး"

"ဟာ ဟုတ်ပြီဗျို့ ကိုကျားရေ၊ ကျုပ်တို့ ကြားတာလည်း ဆင်ခေါင်းတောင်မှာ ပဲလို့ ကြားတာဗျ"

"ကျုပ် ပိုက်ဆံပေးဝယ်ပါ့မယ်ဗျာ။ အဲဒီအပင်ရဲ့ အမြစ်ကို တူးပေးပါ ။ ဒီနေ့ နေမဝင်ခင် ရမှ ဖြစ်မှာ ဗျ ကိုကျားရဲ့ "

ကိုညိုမောင်က ကိုကျားကို သေသေချာချာ ပြောတာဗျ။

"ဟာ ဒီလိုဆို စိတ်ချ၊ ငါ အမဲလိုက်မထွက်တော့ဘူး၊ ဆင်ခေါင်း တောင်သွားပြီး သရဲခြေထောက် သွားတူးတော့မယ်"

ဒီတော့မှ ကျုပ်လည်း စိတ်ချသွားတော့တာပေါ့ဗျာ။ ကျုပ်နဲ့ ကိုညို မောင် သရက်ခြံကြီးထဲကို ပြန်ခဲ့ကြတယ်။

ညနေ လေးနာရီလောက်ကျတော့ မုဆိုးကိုကျား သရက်ခြံကြီးထဲကို ရောက်လာတယ်ဗျ။

"ဟာ ကိုကျား ပြန် လာပြီလား၊ အဆင်ပြေရဲ့ လားဗျ"

"ညိုမောင်ရာ မိုးပေါ်မှာ သိကြား၊ လူပြည်မှာ ငကျားဆိုတာ မင်းမှ မ သိတာကွာ"

ကိုကျားဆိုတဲ့ လူက ပျော်ပျော်နေတတ်တဲ့ လူဗျ။ ကိုညိုမောင်က ဝမ်းသာအားရနဲ့ ကိုကျားကို ဈေးသုံးပိုက်ဆံပေးတယ်။ ကိုကျားလည်း ဝ မ်းသာသွားတဲ့ ပုံပဲဗျ။

ညဆယ်နာရီလောက်ရောက်တော့ ကျုပ်နဲ့ ကိုညိုမောင် ဆရာတော် ကို ရှိခိုးပြီး ထွက်လာခဲ့သည် ။ ကျုပ်က မျက်ကွင်းဆေးကို သွေးပြီး ကွင်းလိုက်တယ်။ သစ်စုန်းဆေးတော်ကြီးကိုလည်း ယူခဲ့တယ်။

လှိုူထိပ်က မြက်ခင်းကလေးမှာ ကျုပ်နဲ့ ကိုညိုမောင် ထိုင်ပြီး လှိုူထဲ က အိမ်ကလေးကို ကြည့်နေကြတယ်။ လကွယ်ညလည်း ဖြစ်ပြန် သရ က်ခြံကြီးထဲမှာ လည်း ဖြစ်ပြန်ဆိုတော့ မှောင်ပိန်းနေတာဗျ။

ကိုညိုမောင်ကတော့ ခြံကြီးထဲမှာ သွားနေကျဆိုတော့ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီး ယူလာခဲ့တယ်။

ကျုပ်က နဂါးဆေးပေါ့လိပ်ကို မီးခတ်နဲ့ မီးညှို့ပြီး ဖွာလိုက်တယ်။ ကိုညိုမောင်ကတော့ ဆေးပြင်းလိပ်တိုကလေးကို မီးညှို့ပြီးဖွာနေတယ်

ဗျ။

သံပြားကလေးတစ်ချပ်လည်း ကျုပ် ယူလာတယ်ဗျ။ ဒါမှ သရဲခြေထောက်မြစ်တွေကို မီးရှို့လို့ ကောင်မှာ ပေါ့ဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ဟော ရယ်ပြီဗျို့။ ရယ်ပြီ။ ကျုပ်ဖြင့် ဖြုန်းစားကြီးပေါ်လာတဲ့ ရယ်သံကြီးကြောင့် တုန်တောင်သွားတယ်ဗျ။ ကိုညိုမောင်ကိုလှည့်ကြည့်တော့ ဘာမှ ကြားပုံမပေါ်ဘူးဗျ။ ကျုပ်ဖြင့် တော်တော်ကို အံ့သြသွားတာဗျို့။

ရယ်သံကြီးကို ကျုပ် နားစိုက်ထောင်နေတုန်း ကျုပ် နောက်ဘက်က ခြေသံတစ်သံ ကြားလိုက်ရတယ်။

"မောင်တာတေ ကြားလား၊ ကြားလား"

ဟာ အဘညွန့်ပဲ။ မှောင်ထဲမှာ စမ်းပြီးလိုက်လာတာဗျ။

"ကျုပ် ကြားတယ် အဘညွန့်"

"ဟာ တော်သေးတာပေါ့ကွာ၊ မောင်တာတေ ကြားပေလို့ ၊ ကျုပ်ပြောတာကို မယုံမှာ စိုးရိမ်နေတာကွ"

"ယုံပါတယ် အဘညွန့်ရဲ့ ၊ မဖဲဝါကိုယ်တိုင် ကျုပ်ကို ပြောလိုက်တာပဲ ၊ အခုလည်း သူခိုင်းတဲ့ အတိုင်း ကျုပ် လုပ်မှာ ပဲလေ"

"ဘယ် ဘယ်သူလဲကွဲ့၊ မောင်တာတေ"

"မဖဲဝါလေ အဘညွန့်၊ သင်္ချိုင်းရှင်မ မဖဲဝါကို ပြောတာလေဗျာ"

"ဟေ မင်းက မဖဲဝါနဲ့ ကို အလုပ်လုပ်နိုင်တာကိုး၊ မောင်တာတေက လူသာငယ်တာ၊ အဆင့်က တယ်မြင့်သကိုးကွဲ့"

"ဟာ ဒီလိုလည်း မဟုတ်ပါဘူးဗျာ"

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီး ထွက်လာပြန်ပြီဗျို့။ အဘညွှန့်နဲ့ ကျုပ်က ကြားနေရတဲ့ လူတွေဆိုတော့ နားထောင်နေကြတာပေါ့ဗျာ၊ ရယ်လိုက်တာမှ လှိုက်လှိုက်လှဲလှဲကို ရယ်တာဗျ။ အားရပါးရကို ရယ်တာ။

"ချလွင်၊ ချလွင်၊ ချလွင်"

ဟာ အဘညွှန့်ပြောတာ ဟုတ်သားပဲဗျ။ သံကြိုးသံကြီးကိုပါ ကြားနေရတာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

"ချလွင်၊ ချလွင်၊ ချလွင်၊ ချလွင်"

ကိုညိုမောင်ကတော့ အဘညွှန့်နဲ့ ကျုပ်နဲ့ ပြောတာကို ငေးသာကြည့်နေတော့တာဗျ။ သူက ဘာသံမှ မကြားဘူးလေဗျာ။

တော်တော်ကို အံ့သြစရာကောင်းတဲ့ အဖြစ်ပါဗျာ။ ဒီလောက်ကြောက်စရာကောင်းတဲ့ ရယ်သံကြီးကို ကြားတဲ့ သူကကြားပြီး မကြားတဲ့ သူက မကြားဘူးဆိုတာ အံ့သြစရာပဲဗျို့။

လှိုဏ်ထဲက အိမ်ကလေးကို အမှောင်ထဲမှာ ဝါးဝါးကလေးပဲမြင်နေရတာ။ အဲဒီအမှောင်ထဲက ထွက်လာတဲ့ ရယ်သံကြီးက ကြားရတဲ့ သူတိုင်းကို ကြက်သီးမွေးညင်းထစေတာပေါ့ဗျာ။

ကျုပ်ဖြင့် ကျောထဲက စိမ့်ခနဲ စိမ့်ခနဲ ဖြစ်သွားပြီး ကြက်သီးတွေ တဖြန်းဖြန်း ထသွားတာဗျို့။

"ကဲ အဘညွှန့် အိမ်ပြန်တော့၊ ခဏဆိုရင် ကျုပ်တို့ အလုပ်စလုပ်ကြ

တော့မှာ "

"အေး အေး ဒါဆိုရင် ကျုပ် ပြန်ပြီ"

လို့ ပြောပြီး အဘညွန့်က အိမ်ကို ပြန်သွားတယ်။

"ကိုညိုမောင် အဘညွန့်ကို မီးထိုးပြလိုက်ပါ၊ ညက တော်တော်မှောင်လာတယ်ဗျ၊ ဒါ ပုံမှန်မှောင်တာ မဟုတ်ဘူး ထင်တယ်"

ကိုညိုမောင်က ဒီတော့မှ သတိရပြီး သူ့အဖေကို မီးထိုးပြပေးလိုက်သည် ။

ညမှောင်ပုံကြီးကို ကျုပ် မကြိုက်ဘူးဗျ။ ဒါဟာ ပုံမှန်မှောင်တာ မဟုတ်ဘူး ဗျ။ ထူးထူးခြားခြား မှောင်နေတာ။ ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်လို့ မမြင်အောင်ကို မှောင်နေတာ။ ဒါ အ မိုက်မှောင်ကြီး ကျနေတာဗျို့။ ကျုပ် ကောင်းကောင်း သိတယ်။

မေ ˌ၁င ˋထ ˋမ ˌ၁ အော်အော်ပြီး ရယ်နေတဲ့ မကောင်းဆိုးဝါးသရဲကြီးကြောင့် အနီးတစ်ဝိုက်မှာ အမိုက်မှောင်ကြီးကျနေတာဗျ။

ညဆိုတာ လမသာပေမယ့် ကြယ်ရောင်ကလေးတွေရှိရင် ဝါးဝါးကလေးတော့ မြင်ရတာပဲလေဗျာ။ ခုဟာက ဘာဆိုဘာမှ မမြင်ရအောင်ကို ပိန်းပိန်းကြီး မှောင်နေတာဗျ။ ဒါ ရိုးရိုးအမှောင် မဟုတ်ဘူး အမိုက်မှောင်ကျနေတာ။

"ကဲ ကိုညိုမောင် ထတော့၊ မီးထိုးဗျာ၊ ဟိုအိမ်ကိုသွားမယ်"

ကျုပ်က ရှေ့ကသွား၊ ကိုညိုမောင်က နောက်က လိုက်ပေါ့ဗျာ။ ငါးတောင့် ထိုးဓာတ်မီးကြီးကို ကိုညိုမောင်က ထိုးပြတယ်။

လှိုူကလေးထဲကိုရောက်တော့ တစ်ထပ်အိမ်ကလေးကို တန်းသွားတယ်။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ချလွင်၊ ချလွင်"

တော်သေးတာပေါ့ဗျာ။ ဒီအသံကြီးကို ကိုညိုမောင် မကြားပေလို့ပေါ့။ ကြားသာကြားရင် ခုလောက်ဆို ထွက်ပြေးသွားမှာ သေချာတာပေါ့ဗျာ။

ကျုပ်လည်း လာသာလာရတာ ကြက်သီးတွေကတော့ တဖြန်းဖြန်းပါပဲဗျာ။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

အသံနက်ကြီးနဲ့ ဗျာ၊ လှိုက်လှိုက်လှဲလှဲနဲ့ ကို ရယ်နေတာဗျို့။ ကိုညိုမောင်က မီးထိုးထားတယ်။ ကျုပ်က သတိထားပြီး တံခါးကိုတွန်းဖွင့်လိုက်တယ်။ ဓာတ်မီးအလင်းရောင်က အိမ်ကလေးထဲမှာ လင်းသွားတယ်။

ဟာ နည်းတဲ့ အကောင်ကြီးမှ မဟုတ်တာဗျာ။ ခေါင်မိုးနဲ့ ခေါင်းတဲ့ တိုက်မတတ်ပဲကိုဗျ။ ဟုတ်ပ့ါဗျာ။ သူ့ခြေထောက်မှာ သံကြိုးကြီးနဲ့ ချည်လို့ ဗျ။ ဒါကြောင့် သံကြိုးသံ တချွင်ချွင် ကြားနေရတာကိုး။ လူ့ဘဝတုန်းက ချည်ထားတဲ့ သံကြိုးက သရဲဖြစ်တာတောင် ချည်လျက်သားကြီး ဖြစ်နေတာ ဘာသဘောတုံးဗျ။ ကျုပ်လည်း တွေးလို့ မရတော့ပါဘူးဗျာ။ ဒါမျိုးဆိုတာ အချိန်ဆွဲလို့ မဖြစ်ဘူးဗျ။ ကျုပ် ချက်ချင်းပဲ စက္ကူနဲ့ ထုပ်ထားတဲ့ သရဲခြေထောက်မြစ်တွေကို အဆင်သင့်ယူလာတဲ့ သံပြားကလေးပေါ်မှာ ပုံပြီး မီးခတ်နဲ့ မီးရှို့လိုက်တယ်။

ဟော ဆေးမြစ်တွေကို မီးစွဲသွားပြီဗျို့။ ဟာ ထွက်လိုက်တဲ့ မီးခိုးတွေဆိုတာ အလိပ်လိုက်ပါပဲလားဗျို့။

"ဟား၊ ဟား၊ ဟား၊ ဟား၊ ဟား"

ရယ်သံကြီး ထွက်လာပြန်ပြီ။ မီးခိုးတွေကို ကျုပ်က လေနဲ့ မှုတ်ပြီး အိမ်ထဲကို သွင်းလိုက်တယ်။ ဟော မီးခိုးတွေ အိမ်ထဲဝင်သွားပြီ၊ ဝင်သွားပြီ။ ဟာ ငြိမ်သွားပြီဗျို့။ သရဲကြီး ငြိမ်သွားပြီ။ ရယ်သံကြီးလည်း ငြိမ်သွားပြီ။ စောစောကလို တဟားဟားနဲ့ အော်ပြီး မရယ်တော့ဘူးဗျ။

"ချလွမ်"

ဟာ သံကြိုးကြီး ပြုတ်ထွက်သွားပြီဗျို့။ ကျုပ်လည်း မီးခိုးတွေအလိပ် လိုက်ထွက်နေတဲ့ အောက်ခံသံပြားကလေးကိုယူပြီး အိမ်ထဲကို ဝင်ခဲ့တယ်။ ကိုညိုမောင်ကလည်း ဓာတ်မီးကိုင်ပြီး ကျုပ်နောက်က ပါလာတာပဲဗျို့။

အိမ်ထဲမှာ သရဲခြေထောက် ဆေးမြစ်ရဲ့ မီးခိုးတွေက တလွင့်လွင့်နဲ့ ပေါ့ဗျာ။

ဟော သရဲကြီး ထိုင်ချလိုက်ပြီဗျ။ ဟာ ငိုပြီဗျို့။ ငိုပြီ၊ ရှိုက်ကြီးတငင်ကို ငိုတာဗျို့။ သတိဝင်သွားပြီ ထင်တယ်ဗျ။ ဝမ်းနည်းပန်းနည်းကို ငိုနေရှာတာဗျို့။ သူ့ဘဝကို သူသိသွားပြီ ထင်ပါရဲ့ ။

"ဂူး၊ ဂူး၊ ဂူး၊ အီး၊ အီး"

ဟာ မဖဲဝါရဲ့ ခွေးကြီး အူတဲ့ အသံပဲဗျ။ ဇေကန္တကတော့ မဖဲဝါကြီးရောက်နေပြီထင်တယ်။

"ဂူး၊ ဂူး၊ ဂူး၊ ဂူး၊ အူး၊ အူး"

အလို ခွေးအူသံကြီးက သရက်ခြံကြီးက ထွက်လာတာဗျို့။ မဖဲဝါကြီး ခြံထဲကို ရောက်နေပြီထင်တယ်။ ကျုပ် သူ့ကို ဆွဲထုတ်သွားမှ ပဲ။

"ဦးမှူ ကျုပ်ပြောတာ နားထောင်ပါ။ တကယ်တော့ ခင်ဗျားက ဘဝပြောင်းသွားပါပြီ။ အခု သင်္ချိုင်းရှင်မ မဖဲဝါကိုယ်တိုင် ခင်ဗျားကို လာခေါ်နေပြီ၊ ခင်ဗျား အခုပဲ အိမ်ထဲကထွက်ပြီး လိုက်သွားရမယ်၊ ကဲ ထွက် ထွက် ထွက်"

ဟာ ထိုင်နေတဲ့ သရဲကြီးက ထ လာပြီဗျို့။

"ကိုညိုမောင် နောက်ကိုဆုတ်နေ"

ကျုပ်က ကိုညိုမောင်ကို နောက်ဆုတ်ခိုင်းတယ်။ သွားပြီ။ သွားပြီ။ အိမ်ထဲက ထွက်သွားပြီ။ ဟော အပြင်ဘက်ကို ရောက်သွားပြီ။

"ဝူး၊ ဝူး၊ ဝူး၊ ဝူး"

ကိုညိုမောင်ကတော့ သရဲကြီးရဲ့ ရယ်သံကို မကြားရသလိုပဲ။ မဖဲဝါ ရဲ့ ခွေးကြီးအူသံကိုလည်း မကြားရဘူးဗျ။

"ဟီး၊ ဟီး၊ ဟီး၊ ဟီး"

ဟာ ဒါ မဖဲဝါကြီး ရယ်သံပဲဗျ။ ကျုပ် အသံကြားတဲ့ ဘက်ကို လှမ်းကြည့်လိုက်တယ်။ စောစောက ကျုပ်နဲ့ ကိုညိုမောင် ထိုင်နေခဲ့တဲ့ လှိုထိပ်က မြက်ခင်းကလေးမှာ မားမားကြီး ရပ်နေတာဗျို့။

သူ့ဘေးမှာ က နွားပေါက်တစ်ကောင်လောက်ရှိတဲ့ ခွေးနက်ကြီးဗျ။ မဖဲဝါရဲ့ မျက်လုံးကြီးတွေက အမှောင်ထဲမှာ ရဲရဲတောက်နေတာဗျို့။ အရပ်ကြီးကတော့ ဆယ်ပေလောက်ရှိမှာ ။ သရဲကြီး မရယ်တော့စောစောက လောက် မမှောင်တော့ဘူးဗျ။ အမိုက်မှောင်ကြီး ပျောက်သွားပြီ။

"ကိုညိုမောင် မီးမှိတ်လိုက်တော့"

ကျုပ်က တရွေ့ရွေ့သွားနေတဲ့ သရဲကြီးရဲ့ နောက်ခပ်လှမ်းလှမ်းက

လိုက်ခဲ့တယ်။ ကိုညိုမောင်က ကျုပ်နောက်ကပေါ့ဗျာ။

မဖဲဝါက လက်ကြီးနှစ်ဖက်ကို အရှေ့ဘက် ဆန့်ထုတ်ထားတယ်ဗျ။ သရဲကြီးက မဖဲဝါကို မြင်သွားပြီ။ ဟော မဖဲဝါကြီးနောက်ကိုလှည့်ပြီး ထွက်သွားပြီဗျို့။ သရဲကြီးကလည်း မဖဲဝါနောက်ကပါသွားတာပေါ့ဗျာ။ မဖဲဝါရဲ့ ခွေးကြီးကတော့ နောက်ကို တစ်ချက်တစ်ချက် လှည့်ကြည့်တယ်ဗျ။ သွားပြီ။ သွားပြီ။ သရဲကြီး ပါသွားပြီ။ သရက်ခြံဆုံးတဲ့ အထိ ကျုပ်နဲ့ ကိုညိုမောင် လိုက်ကြည့်ခဲ့ကြတယ်။

မဖဲဝါရော၊ ခွေးနက်ကြီးရော၊ အမှောင်ထဲမှာ အော်အော်ရယ်တဲ့ သရဲကြီးပါ ကျုပ်ရဲ့ မြင်ကွင်းက ပျောက်သွားတော့မှ ကျုပ်တို့ အိမ်ပြန်လာခဲ့ကြတယ်။

ကျုပ်က မကျိန်းသေးဘဲ စောင့်နေတဲ့ ဆရာတော်ကို အားလုံးလျှောက်ရတာပေါ့ဗျာ။ အဘညွန့်တို့ မိသားစုကတော့ ပျော်ရွှင်နေကြတာပေါ့။ ဆရာတော်ကလည်း ခေါင်းတညိတ်ညိတ်ပါပဲ။

နောက်သုံးရက်ကြာတော့ ဆရာတော်နဲ့ ကျုပ် ရွာပြန်ရောက်ခဲ့ကြတယ်။

**တာတေ**

***